# ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ။*

## (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၃။)
## (၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ အမည် ။ ဤအက်ဥပဒေကို ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ဟုခေါ်ရမည်။

၂။ အဓိပ္ပာယ်ဖော်ပြချက်။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် ——

(က) "အခွင့်ရအာဏာပိုင်" ဆိုသည်မှာ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်ဒေသအတွက် ဤ အက်ဥပဒေအရ အာဏာပိုင်၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် အာဏာအပ်နှင်းထားသူကို ဆိုလိုသည်။

(ခ) "အစိုးရအိမ်ဥပစာ" ဆိုသည်မှာ နိုင်ငံတော်အစိုးရကဖြစ်စေ၊ ပြည်နယ်၏ တစ်စိတ်တစ်ဒေသအဖြစ် မဖွဲ့စည်း မပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးတွင် ပြည်နယ်အစိုးရကဖြစ်စေ၊ နိုင်ငံတော် ပြည်သူ့ အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေး အဖွဲ့ကဖြစ်စေ၊ ရန်ကုန် ဆိပ်ကမ်းအက်ဥပဒေအရဖွဲ့စည်းထားသော ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေး အဖွဲ့ကဖြစ်စေ၊ ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်မြို့တော် မြူနီစီပါယ် ကော်ပိုရေးရှင်းကဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေအရ နိုင်ငံတော် အစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့က သို့တည်းမဟုတ် ကော်ပိုရေးရှင်းကဖြစ်စေ ပိုင်ဆိုင်သော၊ သို့တည်းမဟုတ် ငှားရမ်းယူထားသော၊ သို့တည်းမဟုတ် ခေတ္တသိမ်းယူထားသော အိမ်ဥပစာ ကို ဆိုလိုသည်။ [၁]

---

* မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်၊ စာမျက်နှာ - ၁၆၁၄။

(ဂ) "အိမ်ဥပစာ" ဆိုသည်မှာ အဆောက်အဦကို သို့တည်းမဟုတ် အဆောက်အဦ တစ်ခု၏ အစိတ်အပိုင်းကို ဆိုလိုသည့်ပြင် ထိုစကားရပ်တွင် အောက်ပါ တို့လည်းပါဝင်သည်။

(၁) အဆောက်အဦနှင့် သို့တည်းမဟုတ် အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းနှင့် စပ်ဆိုင်လျက်ရှိသော ပန်းခြံ၊ မြေရာနှင့် အိမ်ရံ အဆောက်အဦ များ။

(၂) ပိုမိုအကျိုးခံစားနိုင်ရန် ထိုအဆောက်အဦတွင်သော်လည်းကောင်း၊ ထို အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းတွင်သော်လည်းကောင်း၊ တပ် ဆင်ထားသော အရာဝတ္ထုများ။

(ဃ) "ပြဋ္ဌာန်းသည်" ဆိုသည်မှာ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေ များဖြင့် ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

ခွင့်ပြုချက်မရရှိဘဲ တစ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း စသည်တို့ကို မပြုလုပ်ရခြင်း။

၂-က။ ။ အစိုးရအိမ်ဥပစာတစ်ခုခုတွင် နေထိုင်ခွင့်ရသူသည် —

(က) အစိုးရ၊ သို့မဟုတ် အခွင့်ရ အာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ အဆိုပါ အိမ်ဥပစာတစ်ခုလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကို သော်လည်းကောင်း၊ တစ်ဆင့် ငှားရမ်းခြင်းမပြုလုပ်ရ။

(ခ) အဘိုးစားနားဖြင့်ဖြစ်စေ၊ အဘိုးစားနားမပါဘဲဖြစ်စေ လွှဲပြောင်းခြင်း မပြုလုပ်ရ။

(ဂ) အခွင့်ရအာဏာပိုင်အား စာဖြင့် ကြိုတင်အကြောင်းကြားရန် ပျက်ကွက်လျက် အဆိုပါ အိမ်ဥပစာမှ ထွက်ခွာသွားခြင်းမပြုလုပ်ရ။

---

၁။ (က) ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၆) (၁၉၅၆ ခုနှစ်၊ အောက်တိုဘာ ၆ ရက်)

(ခ) ၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၂) (၁၉၅၇ ခုနှစ်၊ မတ်လ ၂၅ ရက်)

(ဂ) ၁၉၆၁ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၄) (၁၉၆၁ ခုနှစ်၊ မတ်လ ၂၈ ရက်) များဖြင့် အသီးသီးပြင်ဆင်ခဲ့သည့်အတိုင်း ဖော်ပြထားပါသည်။

(ယ) အဆိုပါ အိမ်ဥပစာကို အခွင့်ရ အာဏာပိုင်အား ပြန်လည်အပ်နှံရန် ပျက်ကွက်လျက် ထွက်ခွာသွားခြင်းမပြုလုပ်ရ။[၂]

၃။ နှင်ထုတ်နိုင်သည့် အာဏာ။ ။ (၁) ဤအက်ဥပဒေ စတင်အာဏာမတည်မီဖြစ်စေ၊ စတင်အာဏာတည်ပြီးသည့်နောက်ဖြစ်စေ၊ အစိုးရအိမ်ဥပစာတစ်ခုခုတွင် နေထိုင်ခွင့်ရသူသည် နိုင်ငံတော်အစိုးရ၏ သို့တည်းမဟုတ် အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ အဆိုပါ အိမ်ဥပစာတစ်ခုလုံးကို သို့တည်းမဟုတ် တစ်စိတ်တစ်ပိုင်းကို တစ်ဆင့်ငှားရမ်းသည်ဟုသော်လည်းကောင်း၊ ထိုအိမ်ဥပစာတွင်နေထိုင်ရာ၌ လိုက်နာရမည့် စည်းကမ်းချက် တစ်ခုခုကို အခြားနည်းဆန့်ကျင်သည်ဟုသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က ယူဆကျေနပ်လျှင် သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူသည် အစိုးရအိမ်ဥပစာတစ်ခုခုတွင် ခွင့်ပြုချက်မရဘဲ နေထိုင်လျက်ရှိသည်ဟု သော်လည်းကောင်း၊ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီးသည့်နောက် ဆက်လက်နေထိုင်လျက်ရှိသည်ဟုသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က ယူဆကျေနပ်လျှင်၊ အခွင့်ရအာဏာပိုင်သည် ထိုအိမ်ဥပစာတစ်ခုလုံးတွင်ဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းတွင်ဖြစ်စေ၊ နေထိုင်သည့် ထိုသူထံ သို့တည်းမဟုတ် အခြားသူ တစ်ဦးတစ်ယောက်ထံ စာပို့တိုက်မှသော်လည်းကောင်း၊ အခြားနည်းဖြင့်သော် လည်းကောင်း ချအပ်သော နို့တစ်စာဖြင့် ထိုနို့တစ်စာရသည့်နေ့ရက်မှ တစ်ဆယ့်ငါးရက်အတွင်း ထိုအိမ်ဥပစာတစ်ခုလုံးမှ၊ သို့တည်းမဟုတ် တစ်စိတ်တစ်ပိုင်းမှ ထွက်ခွာသွားရမည်ဟု အမိန့်ထုတ်ဆင့်နိုင်သည်။ [၃]

(၂) မည်သူမဆို၊ ပုဒ်မခွဲ (၁) အရ ထုတ်ဆင့်သောအမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ငြင်းဆိုလျှင် ထိုသူအား အခွင့်ရအာဏာပိုင်က အဆိုပါ အိမ်ဥပစာမှ ဖယ်ရှား၍ အိမ်ဥပစာ ကို သိမ်းယူနိုင်သည်။ ထိုသို့ ဖယ်ရှားရာတွင် သင့်တော်လိုအပ်သည့် အနိုင်အထက်ပြုမှုဖြင့် ဖယ်ရှားနိုင် သည်။

၄။ လျော်ကြေးအရကောင်းခံနိုင်သည့်အာဏာ။ ။ (၁) မည်သူမဆို၊ အစိုးရ အိမ်ဥပစာတွင် ခွင့်ပြုချက်မရဘဲ နေထိုင်လျှင် အခွင့်ရအာဏာပိုင်သည် ထိုသို့နေထိုင်အသုံးပြုခြင်းအတွက် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း၊ မိမိသင့် တော်သည်ဟု ယူဆသော လျော်ကြေးကို ပြတ်ဆို၍ စာပို့တိုက်မှသော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ ချအပ်သောနို့တစ်စာဖြင့် ထိုနို့တစ်စာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ထိုလျော်ကြေးကို ပေးရန် ထိုသူထံ အမိန့်ထုတ်ဆင့်နိုင်သည်။

---

၂။ *၁၉၆၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄) (၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်) ဖြင့် ဖြည့်စွက်သည်။*

၃။ *၁၉၆၁ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၈) ကို ပြင်ဆင်ခဲ့သည့်အတိုင်း ဖော်ပြထားပါသည်။*

(၂) မည်သူမဆို၊ လျော်ကြေးကို နို့တစ်စာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ပေးရန် ငြင်းဆိုလျှင်သော်လည်းကောင်း၊ ပျက်ကွက်လျှင်သော်လည်းကောင်း၊ အဆိုပါလျော်ကြေးကို မြေခွန်တော်မပြေ ကျန်ငွေကဲ့သို့ အရတောင်းခံနိုင်သည်။

၅။ ။ (၁) ပုဒ်မ ၃၊ သို့တည်းမဟုတ်ပုဒ်မ ၄ အရ ထုတ်ဆင့်သော အခွင့်ရ အာဏာပိုင်၏ အမိန့်ကြောင့် နစ်နာသူမည်သူမဆို ပုဒ်မ ၃၊ သို့တည်းမဟုတ် ပုဒ်မ ၄ အရ ချအပ်သော နို့တစ်စာရသည့် နေ့ရက်မှ ဆယ်ရက်အတွင်း နိုင်ငံတော်အစိုးရထံ အယူခံဝင်နိုင်သည်။

အယူခံဝင်ခွင့်

သို့ရာတွင် အယူခံဝင်သူသည်၊ လုံလောက်သော အကြောင်းကြောင့် အယူခံလွှာကို အချိန်မီ မတင်သွင်းနိုင်ခဲ့ကြောင်း နိုင်ငံတော်အစိုးရက ကျေနပ်လျှင်၊ နိုင်ငံတော်အစိုးရသည် အဆိုပါ ဆယ်ရက်ကျော် လွန်သော်လည်း အယူခံလွှာကို လက်ခံနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ အယူခံလွှာရလျှင်၊ နိုင်ငံတော်အစိုးရသည် အခွင့်ရ အာဏာပိုင်ထံမှ အစီရင်ခံစာတစ်ရပ်ကို တောင်းယူ၍ မိမိလိုအပ်သည်ဟု ယူဆလျှင် နောက်ထပ် စုံစမ်းပြီး မိမိသင့်တော်သည်ဟု ယူဆသောအမိန့်ကို ချမှတ်နိုင်သည်။ နိုင်ငံတော်အစိုးရ၏ အမိန့်သည် အပြီးအပြတ်ဖြစ်ရမည်။

(၃) ပုဒ်မခွဲ (၁) အရ အယူခံဝင်လျှင် နိုင်ငံတော်အစိုးရသည် အခွင့်ရ အာဏာပိုင်၏ အမိန့်အတည်ပြုခြင်းကို မိမိသင့်တော်သည်ဟု ယူဆသော ကာလအတွက် သင့်တော်သည်ဟု ယူဆသော စည်းကမ်းချက်များဖြင့် ဆိုင်းငံ့ထားနိုင်သည်။

၆။ ။ ဤအက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက် နိုင်ငံတော် အစိုးရက ချမှတ်သော သို့တည်းမဟုတ် အခွင့်ရအာဏာပိုင်က ထုတ်ဆင့်သော အမိန့်သည် မခိုင်လုံဟု မည်သည့်တရားရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့်မရှိစေရ။ ဤအက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာများနှင့်အညီ ဆောင်ရွက်သည် သို့တည်းမဟုတ် ဆောင်ရွက်မည့်ကိစ္စနှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးကမျှ သို့တည်းမဟုတ် အခြားမည်သည့် အာဏာပိုင် ကမျှ တားဝရမ်းမထုတ်ပေးရ။

တရားမရုံးများက စစ်ဆေးစီရင်ပိုင်ခွင့်မရှိခြင်း။

၇။ ။ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများ အရ ဖြစ်စေ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်ချမှတ်သော အမိန့်အရ ဖြစ်စေ၊ သဘောရိုးဖြင့်ပြုသည့် သို့တည်းမဟုတ် ပြုသည့်သဘော သက်ရောက်သောပြုမှုတစ်ခုခုနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရကို ဖြစ်စေ၊ အခွင့်ရအာဏာ ပိုင်ကိုဖြစ်စေ၊ တရားမမှုသော်လည်းကောင်း၊ ရာဇဝတ်မှုသော်လည်းကောင်း၊ အခြားတရားမှုခင်းသော် လည်း

တရားစွဲဆိုခြင်းမှကာကွယ်ပေးခြင်း။

**၈။ တာဝန်ဝတ္တရားလွှဲအပ်ခြင်း။** နိုင်ငံတော်အစိုးရသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ စည်းကမ်းချက်များထားလိုက ထိုအမိန့်ကြော်ငြာစာတွင် စည်းကမ်းချက်များ သတ်မှတ်လျက်၊ ဤအက်ဥပဒေအရ မိမိသုံးစွဲနိုင်သည့် အာဏာတစ်ရပ်ရပ်ကို ဤကိစ္စအလို့ငှာ မိမိက အထူးအာဏာလွှဲအပ်ထားသည့် အရာရှိတစ်ဦး က အဆိုပါ စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ သုံးစွဲနိုင်ရမည်ဟု ဆင့်ဆိုနိုင်သည်။

**၉။ ပြစ်ဒဏ်။** (၁) မည်သူမဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်တစ်ခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေတစ်ခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်ချမှတ်သော အမိန့်ကိုဖြစ်စေ၊ ဆန့်ကျင်လျှင် သို့မဟုတ် ဤအက်ဥပဒေဖြင့်အပ်နှင်းထားသည့် အာဏာတစ်ရပ်ရပ်ကို တရားဥပဒေနှင့်အညီ သုံးစွဲခြင်းကို တားဆီးလျှင် သုံးနှစ်ထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ကျပ် တစ်ထောင်ထိဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) အစိုးရက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာဖြင့် အာဏာအပ်နှင်းထားသည့် အရာရှိ၏ ကြိုတင်အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးမှာမျှ ပုဒ်မခွဲ (၁) အရ ဖြစ်သောပြစ်မှုကို အရေးယူပိုင်ခွင့်မရှိစေရ။[၄]

**၁၀။ နည်းဥပဒေပြုနိုင်သည့်အာဏာ။** (၁) နိုင်ငံတော် သမ္မတသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤအက်ဥပဒေပါ ကိစ္စများဆောင်ရွက်ရန်အလို့ငှာ နည်းဥပဒေများ ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အထူးသဖြင့် အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ ကိစ္စတစ်ခုခုအတွက်ဖြစ်စေ နည်းဥပဒေများ ပြုနိုင် သည်။

(က) နို့တစ်စာပုံစံနှင့် နို့တစ်စာချအပ်သည့်နည်းလမ်း။
(ခ) အစိုးရအိမ်ဥပစာကို သိမ်းယူရာတွင် လိုက်နာရမည့်နည်းလမ်း။
(ဂ) ခွင့်ပြုချက်မရဘဲ နေထိုင်ခြင်းအတွက် လျော်ကြေးပြတ်ဆိုရန်နည်းလမ်း။
(ဃ) အယူခံဝင်ရာတွင် လိုက်နာရမည့်နည်းလမ်းနှင့် အယူခံမှုများတွင် လိုက်နာရမည့်ကျင့်ထုံး။
(င) ပြဋ္ဌာန်းရမည့် သို့တည်းမဟုတ် ပြဋ္ဌာန်းနိုင်သည့် အခြားကိစ္စများ။

◆ ◆ ◆ ◆ ◆

---

၄။ *၁၉၆၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄) ဖြင့် အစားထိုးပြင်ဆင်သည်။*